CCI FRANCE MYANMAR

FRENCH MYANMAR CHAMBER OF COMMERCE & INDUSTRY

#cometomyanmar Video Contest 2019

# စည်းကမ်းနှင့်သတ်မှတ်ချက်များ

---

## ပြိုင်ပွဲ၏လုပ်ထုံးလုပ်နည်းများ

### အပိုဒ် (၁) - ပြိုင်ပွဲ ရည်ရွယ်ချက်

#cometomyanmar Video Contest 2019 သည် ပြင်သစ်မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (CCI France Myanmar) ၏ ခရီးသွားလာရေးလုပ်ငန်းအဖွဲ့ဝင်များကော်မတီ (Tourism Members Committee) နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဈေးကွက်မြှင့်တင်ရေးအသင်း (Myanmar Tourism Marketing Association) တို့ပူးပေါင်းပြီး စီစဉ် ကျင်းပသော [ပြိုင်ပွဲတစ်ခု ဖြစ်ပြီး မြန်မာနိုင်ငံတွင်းရှိ ခရီးသွား နေရာများအား အခြားသော ပြည်ပနိုင်ငံများ မှ သတိထားမိစေရန် ရည်ရွယ်ပါသည်။

ထို့ကြောင့် hashtag #cometomyanmar ကို ဤပြိုင်ပွဲတွင် အသုံးပြုရန်အတွက် ရွေးချယ်ရခြင်းဖြစ်သည်။ ပြိုင်ပွဲဝင်များသည် မိမိနေထိုင်ရာ မြန်မာနိုင်ငံ၏ အလှတရား နှင့်အတွေ့အကြုံများအား တင်ဆက်ဖော်ပြပေးရမည် ဖြစ်သည်။ ယခုကဲ့သို့ ဗီဒီယိုပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းအားဖြင့် ပြိုင်ပွဲဝင်သူများသည် နိုင်ငံတကာခရီးသွားဧည့်သည်များအား မြန်မာနိုင်ငံကို လာရောက်လည်ပတ်နိုင်ရန် ဖိတ်ခေါ်နိုင်ခြင်း၊ မိမိနိုင်ငံအပေါ် ချစ်မြတ်နိုးခြင်းများအားမျှဝေခြင်း၊ ကောင်းမွန်သော အမှတ်တရ များ ဖန်တီးခြင်း နှင့် ဒေသခံများ၏ ဧည့်ဝတ်ပျူငှာမှုများကို တင်ဆက်ပေးနိုင်ခြင်း၊ အစရှိသည်တို့ကို မိမိ၏ပြိုင်ပွဲဝင် ဗီဒီယိုမှ တဆင့် ပြသနိုင်မည်ဖြစ်သည်။

ယခုပြိုင်ပွဲ ဖြစ်မြောက်ရေးအတွက် Seagram Myanmar နှင့် FMIDecaux တို့မှ အဓိက ပံ့ပိုးကူညီထားပါသည်။ ချီးမြှင့်မည့် ဆုများအတွက်ကိုလည်း Accor Group, Canal+, Canon, Excelsior Yangon, Hilton Ngapali, Hotel G, Hotel Thanakha, Inya Lake Hotel, Le Planteur, Lotte Yangon, Melia, Memories Group, Mercure Kaba Aye, Novotel Inle, Novotel Yangon Max, Pullman Mandalay, Pullman Yangon, Singapore Airlines, Sofitel Inle, The Strand Cruise, The Strand, နှင့် Yangoods တို့မှလည်း ပူးပေါင်းပါဝင်ကူညီထားပါသည်။

ပြိုင်ပွဲဝင်ဗီဒီယိုများကို ၂၀၁၉ ခုနှစ် စက်တင်ဘာလ၊ ၁၆ရက် မှစ၍ ၂၀၁၉ခုနှစ် နိုဝင်ဘာလ၊ ၁၅ ရက်ထိ လက်ခံသွားမည် ဖြစ်ပြီး အနိုင်ရှိသူများကို ၂၀၁၉ ၊ဒီဇင်ဘာလ ၊ ၁၁ရက် နေ့တွင် Novotel Yangon Max ၌ ပြင်သစ်မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း မှ စီစဉ်သော Makers Night 2019 အခမ်းအနားတွင် ဆုချီးမြှင့်မည် ဖြစ်ပါသည်။

ပြိုင်ပွဲ ကျင်းပရခြင်း၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံသားများအနေနဲ့ နိုင်ငံခြားသား ခရီးသွားဧည့်သည်များကို မြန်မာနိုင်ငံ၏ ဆွဲဆောင်မှု၊ ထူးခြားမှုနှင့် ကောင်းမွန်မှုများကို ဗီဒီယိုထဲတွင် ထည့်သွင်းဖော်ပြကာ လာရောက်လည်ပတ်စေရန် ဆွဲဆောင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းကဏ္ဍပုံရိပ်ကို မြှင့်တင်ပေးရန် ဖြစ်ပါသည်။

ပြိုင်ပွဲဝင်များသည် ဝင်ရောက်ယှဉ်ပြိုင်မည့် မိမိဗီဒီယိုကို အောက်ဖော်ပြပါ ကဏ္ဍ လေးခု အနက်မှ တစ်ခုအတွက် ရွေးချယ် ယှဉ်ပြိုင်နိုင်ပါသည်။

- ***"You're welcome" - ကြိုဆိုလျက်ပါ***

ဤကဏ္ဍသည် မြန်မာလူမျိုးများ၏ ဖော်ရွေမှု၊ ဧည့်ဝတ်ကျေပွန်မှုများနှင့် နိုင်ငံခြားသားဧည့်သည်များကို ကြိုဆိုလိုသည့် စိတ်ရင်းစေတနာအမှန်တို့ကို ပြသပေးနိုင်ရန် ရည်ရွယ်ပါသည်။

- ***"It's unique"* - ထူးခြားမှုများနှင့် ပြည့်နေသော မြန်မာနိုင်ငံ**

ဤကဏ္ဍသည် မည်သည့် နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော၊ မြန်မာနိုင်ငံတွင်သာတွေ့ရှိနိုင်သော မြန်မာနိုင်ငံ၏ ထူးခြားမှုများကို တင်ဆက်ပေးနိုင်ရန် ရည်ရွယ်ပါသည်။

- ***"What's new?"* - အသစ် အသစ်တွေကဘာလဲ။**

ဤကဏ္ဍသည် မြန်မာနိုင်ငံတွင် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေသော လူငယ်များ၏ သစ်လွင်မှုများ၊ ခွန်အားများနှင့် အကောင်းမြင်တရားများကို ပြောပြပေးနိုင်ရန်ရည်ရွယ်ပါသည်။ မြန်မာနိုင်ငံ၏အနာဂတ်သည်ယနေ့လူငယ်များ ပုံဖော်ထုဆစ်ကြမည့်အတိုင်း နောင်တချိန်တွင် မြင်ရမည် ဖြစ်သောကြောင့် ဖြစ်သည်။

- ***"My day in Myanmar"* - မြန်မာနိုင်ငံအတွင်း မိမိနေ့ရက်များ**

ဤကဏ္ဍသည်မြန်မာနိုင်ငံတွင်း၌ နေထိုင်ကြသူများ၏ နေ့စဉ် နေထိုင်မှုဘဝပုံစံများ၊ ယဉ်ကျေးမှုများ၊ လှုပ်ရှားမှုများ၊ အစားအသောက်များ၊ နေ့စဉ်ဘဝထဲက ကွဲပြားခြားနားမှုများကို တင်ဆက်ပေးနိုင်ရန်ရည်ရွယ်ပါသည်။

ပြိုင်ပွဲဝင်များအား ဆုချီးမြှင့်ရာတွင် ဆုအမျိုးအစား နှစ်မျိုး (ဆုပေါင်း ၆ခု) ဖြင့်ခွဲခြားထားပါသည်။

- Facebook မှ "LIKE" အများဆုံး ရရှိသည့်ပြိုင်ပွဲဝင်အတွက် "လူကြိုက်အများဆုံး" ဆု
- ခရီးသွားလုပ်ငန်း၊ ဖျော်ဖြေရေးနှင့်ဆက်သွယ်ရေးလုပ်ငန်းတို့မှ ကျွမ်းကျင်ပညာရှင်များကိုစုပေါင်းထားသည့် ဂျူရီလူကြီးမင်းများ ပါဝင်သော အကဲဖြတ်အဖွဲ့ မှ ကဏ္ဍ တစ်ခုစီ အတွက် ရွေးချယ်ပေးသော ဆု (ကဏ္ဍ ၄ခု အတွက် ဆုပေါင်း ၄ ဆု )
- ကဏ္ဍ လေးခု အတွင်း ရှိ ဗီဒီယို တစ်ခုအား အကဲ ဖြတ် အဖွဲ့မှ ရွေးချယ်သော "အမြင့်ဆုံး" ဆု

ပြိုင်ပွဲဝင်များသည် အောက်တွင် ဖော်ပြပါရှိမည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်ဖြစ်ပြီး ကိုက်ညီမှုရှိသော ဗီဒီယိုများကိုသာလျှင် ပြိုင်ပွဲအတွက် ထည့်သွင်းစဉ်းစားမည် ဖြစ်ပြီး ဆုများဆွတ်ခူးနိုင်ရန် အခွင့်အရေး ရှိမည် ဖြစ်သည်။

## အပိုဒ် (၂) - လျှောက်ထားနိုင်သည့် အခြေအနေများ

ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်မည့်သူများသည် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိရမည် ဖြစ်သည်။

- ယခု ပြိုင်ပွဲ ၌ မြန်မာနိုင်ငံတွင် နေထိုင်သူ မြန်မာနိုင်ငံသားတိုင်း လာရောက် လျှောက်ထားနိုင်မည် ဖြစ်သည်။
- လျှောက်ထားမည့် ပြိုင်ပွဲဝင်များ သည် အသက် ၁၈ နှစ်ပြည့်ပြီး ဖြစ်ရမည်။
- ပြိုင်ပွဲလျှောက်ထားရန်အတွက်ပြိုင်ပွဲဝင်များသည် ယေဘုယျ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် ကဏ္ဍ တစ်ခု စီ အတွက် အသေးစိတ်ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုရှိရမည်ဖြစ်သည်။ အဆိုပါ ကဏ္ဍ တစ်ခု စီ အတွက်အသေးစိတ်ချမှတ်ထားသောစည်းမျဉ်းစည်းကမ်းများကို အောက်တွင်ဆက်လက်ဖော်ပြမည့် အပိုဒ်များတွင် တွေ့မြင်နိုင်မည် ဖြစ်သည်။
- ပြိုင်ပွဲဝင်များသည် မိမိကိုယ်တိုင်ရိုက်ကူး၊တည်းဖြတ် ထားသော ဗီဒီယိုများဖြင့်သာ ပြိုင်ပွဲဝင်ရန် လျှောက်ထားရမည် ဖြစ်သည် ။
- မူပိုင်ခွင့်ရှိသော ဓာတ်ပုံများ၊ ဗီဒီယိုများ၊ နောက်ခံတေးသီချင်းများ နှင့် အခြားသော အရာများကို ပြိုင်ပွဲဝင်များသည် တရားမဝင် ကူးယူ၊အသုံးပြုခွင့် မရှိပါ။ ဗီဒီယိုထဲတွင်ပါဝင်သော လူများ၊ အကြောင်းအရာများသည် သက်ဆိုင်ရာ လူပုဂ္ဂိုလ်များထံမှ ခွင့်ပြုချက်ရယူထားရမည် ဖြစ်ပြီး လိုအပ်ပါက မိမိတို့ ဗီဒီယိုထဲတွင် ပါဝင်မည့်နေရာများသည် သက်ဆိုင်ရာ အာဏာပိုင်များ၊ အဖွဲ့အစည်းများ၊ အဆောက်အအုံ မြေနေရာ ပိုင်ရှင်များထံမှ ခွင့်ပြုချက်ရယူကာရိုက်ကူးထားသော ဗီဒီယိုများကိုသာ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။
- ပြိုင်ပွဲဝင်များသည် မြန်မာနိုင်ငံတွင် ပြဌာန်းထားသော ဥပဒေများနှင့် ချမှတ်ထားသော စည်းမျဉ်းစည်းကမ်း များကို ပြိုင်ပွဲတလျှောက်လိုက်နာရမည်ဖြစ်ပြီး မိမိတင်ပြလိုသော ဗီဒီယိုတွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိခိုက်သည့်အကြောင်းအရာများ ပါဝင်မှုမရှိဘဲ တင်ပြရမည် ဖြစ်သည်။ ၄င်းအပြင် မိမိရိုက်ကူးထားသော ဗီဒီယိုများအတွက် အကြောင်းတစုံတရာပေါ်ပေါက်လာပါက မိမိကိုယ်တိုင်သာ တာဝန်ယူရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်များသည် မြန်မာနိုင်ငံတွင် ပြဌာန်းထားသော ဥပဒေများနှင့် ချမှတ်ထားသော စည်းမျဉ်းစည်းကမ်း များကို ချိုးဖောက်ခဲ့သည်ရှိသော ပြင်သစ်-မြန်မာ စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်း - CCI France Myanmar အနေဖြင့် မည်သည့် အကြောင်းအရာ တစုံတရာကိုမျှ တာဝန်ယူ ဖြေရှင်းပေးလိမ့်မည် မဟုတ်ပါ။
- ယခုပြိုင်ပွဲတွင်ဝင်ရောက် ယှဉ်ပြိုင် ခြင်းအား ဖြင့် ပြိုင်ပွဲဝင်များ သည် ပြင်သစ်မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (CCI France Myanmar)၊ အကဲဖြတ် ဂျူရီ လူကြီးမင်းများ အဖွဲ့ နှင့် ၄င်းတို့၏ မိတ်ဖက် အဖွဲ့ အစည်းများကို ပြိုင်ပွဲနှင့်ဆက်စပ်၍ ဗီဒီယိုများကို လွတ်လပ်စွာ သိမ်းဆည်းခွင့်၊ ရုပ်မြင်သံကြား အစီအစဉ်များ၊ social media များတွင်

မျှဝေခွင့်၊ ပြသခွင့်၊ ထုတ်လွှင့်ခွင့်တို့ကို ပေးရန် သဘောတူပြီးဖြစ်သည်။ ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင် ဗီဒီယိုများနှင့် ပတ်သတ်ပြီး မူပိုင်ခွင့်တောင်းခံခြင်း၊ ငွေကြေးကိစ္စ တစုံတရာ (သို့မဟုတ်) ငွေကြေးမဟုတ်သော ခံစားခွင့် တစုံတရာ တောင်းခံခြင်း မရှိစေရ။

- ပြင်သစ်မြန်မာ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (CCI France Myanmar)၊ အကဲဖြတ် ဂျူရီ လူကြီးမင်းများ အဖွဲ့သည် ပြိုင်ပွဲ ၏ လုပ်ထုံးလုပ်နည်း များနှင့် ကိုက်ညီမှု ရှိမရှိ စစ်ဆေးရန် ပြိုင်ပွဲဝင်သူများထံမှ လိုအပ်သောစာရွက်စာတန်းများကို တောင်းဆိုခွင့်ရှိသည်။
- ပြင်သစ်မြန်မာ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (CCI France Myanmar) တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၊ဘုတ်အဖွဲ့ဝင်ဒါရိုက်တာများ၊ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီပံ့ပိုးသူများနှင့် ရှေ့ဖော်ပြပါ ပုဂ္ဂိုလ်များ၏ မိသားစုဝင်များ ၊ဆွေမျိုးများ သည် ဤ ပြိုင်ပွဲအား ဝင်ရောက်ယှဉ်ပြိုင်ခွင့်မပြုပါ။
- ပြင်သစ်မြန်မာ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (CCI France Myanmar) နှင့် အကဲဖြတ် ဂျူရီ လူကြီးမင်းများ အဖွဲ့သည် သည် လက်ရှိ ဖော်ပြထားသော စည်းမျဉ်းစည်းကမ်း များနှင့် သင့်လျော်ကိုက်ညီမှု မရှိသော၊ ပြိုင်ပွဲ နှင့် မသက်ဆိုင်သော၊ စည်းမျဉ်းစည်းကမ်းချိုးဖောက်သည်ဟု ယူဆရသော ဗီဒီယိုများကို ပြိုင်ပွဲဝင်ခြင်းမပြုနိုင်ရန် ငြင်းပယ်ခွင့်ရှိသည်။
- ထိုသို့ ငြင်းပယ်ခံရသည့် အတွက် ပြိုင်ပွဲဝင်များ အနေဖြင့် မည်သည့် အကြောင်းနှင့်မျှ ကုန်ကျစရိတ်များကို လျော်ကြေးအဖြစ်တောင်းဆိုရန် အခွင့် ရှိမည် မဟုတ်ပါ။

## အပိုဒ် (၃) - လျှောက်လွှာဖိုင်

### ၃. ၁ - လျှောက်လွှာဖိုင်ဖော်ပြချက်

#cometomyanmar Video Contest 2019 တွင် ဝင်ရောက်ယှဉ်ပြိုင်လိုသော ပြိုင်ပွဲဝင်များသည် မိမိဝင်ရောက် ယှဉ်ပြိုင်လိုသော ဗီဒီယိုကဏ္ဍ အတွက် လျှောက်လွှာဖိုင်တွင် ဖြည့်စွက်ရေးသွင်းပြီး အောက်ပါစာရွက်စာတမ်းများကို ထည့်သွင်းလျှောက်ထားရမည်ဖြစ်သည်။

လျှောက်လွှာဖိုင်တွင် ပါဝင်ရမည့် စာရွက်စာတမ်းများ

- ရှေ့နောက်စာမျက်နှာ ၂ခုလုံးပါသော ၁၈နှစ်ပြည့် မှတ်ပုံတင်မိတ္တူ (သို့မဟုတ်) ယာဉ်မောင်းလိုင်စင်မိတ္တူ။

(မကြာသေးမီက ၁၈နှစ် ပြည့်ပြီး၍ ၁၈နှစ်ပြည့် မှတ်ပုံတင်လျှောက်ထားဆဲသူများသည် ၁၀နှစ်ပြည့် မှတ်ပုံတင်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။)

- နောက်ဆုံး စာမျက်နှာတွင် ဖော်ပြထားသော စည်းကမ်းနှင့်သတ်မှတ်ချက်များ အား မိမိ သဘောတူကြောင်း လက်မှတ် ရေးထိုးထားသော မိတ္တူ ၊
- ပြိုင်ပွဲဝင်ရန် မှတ်ပုံတင်သော လျှောက်လွှာ စာရွက်ပေါ်တွင်လက်မှတ်ထိုးထားသော မိတ္တူ။
- ယေဘူယျ အသုံးပြုလေ့ရှိသော Video Format ဖြစ်သည့် (.mp4, .avi, .mkv, .mov, .wmv) ဖြင့် ရိုက်ကူးထားသော (၃မိနစ်ခန့်) ဗီဒီယိုအတိုတစ်ပုဒ်။

လျှောက်လွှာများသည် မပြည့်စုံလျှင်သော်လည်းကောင်း၊ စည်းမျဉ်းစည်းကမ်းများနှင့် မညီညွတ်လျှင်သော်လည်းကောင်း၊ ၄င်းလျှောက်လွှာများကို ပြိုင်ပွဲအတွက် ထည့်သွင်းစဉ်းစားမည်မဟုတ်ဘဲ ပယ်ချခြင်း ခံရမည် ဖြစ်သည်။

အကဲဖြတ်ဂျူရီလူကြီးမင်းများအဖွဲ့သည် မပြည့်စုံသော လျှောက်လွှာများနှင့် အချက်အလက် အမှားများ ဖြည့်စွက်ထားသော လျှောက်လွှာများကိုပယ်ချခွင့်ရှိသည်။ လိုအပ်သော အချက်အလက်များရှိပါကလည်း ပြိုင်ပွဲဝင်များကို မေးမြန်းခွင့်ရှိသည်။

### ၃.၂ - လျှောက်လွှာပုံစံများ

လျှောက်လွှာပုံစံများကို ပြင်သစ်-မြန်မာ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း - CCI France Myanmar ၏ website (www.ccifrance-myanmar.org) ၌ ၂၀၁၉ ၊ စက်တင်ဘာ ၊ ၁၆ရက် မှ စတင်၍ ဒေါင်းလုတ်ရယူနိုင်မည် ဖြစ်သည်။ လျှောက်လွှာဖောင်နှင့် လျှောက်လွှာဖိုင်တွင် ပါဝင်ရမည့် စာရွက်စာတမ်း များ (ဗီဒီယို အပါအဝင်) ကို communication@ccifrance-myanmar.org သို့ www.wetransfer.com ဖြင့် ပေးပို့ရမည် ဖြစ်သည်။

ပြိုင်ပွဲဝင်များသည် မိမိတို့ ၏ လျှောက်လွှာဖိုင်များကို CCI France Myanmar က ဒေါင်းလုတ်ရယူနိုင်ရန်အတွက် Google Drive Link သို့မဟုတ် Dropbox Link များဖြင့်လည်း ပေးပို့နိုင်သည်။

ထို လျှောက်လွှာဖိုင်များကို download ရယူရန် အတွက် မြန်မာစံတော်ချိန် ၂၀၁၉ ၊ နိုဝင်ဘာ၊ ၁၅ရ က် ညနေ ၆နာရီ မတိုင်မီ CCI France Myanmar သို့ အီးမေးလ် ဖြင့်ပေးပို့ပြီး ဖြစ်ရမည်။

## ၃. ၃ ဆုအမျိုးအစား ပေါ်မူတည်၍ ရွေးချယ်မှုစည်းမျဉ်းစည်းကမ်းများ

ပြိုင်ပွဲဝင်များသည် အထက်ဖော်ပြပါ စည်းကမ်းချက်များနှင့် ကိုက်ညီစွာ လျှောက်လွှာများကိုတင်သွင်းပါက လျှောက်လွှာတင်သွင်းမှု အဆင့် အောင်မြင်ပြီ ဖြစ်သည်။

ပြိုင်ပွဲဝင်တင်သွင်းသော ဗီဒီယိုတခုကို ပရောဂျက်တခု အဖြစ် သတ်မှတ်မည် ဖြစ်ပြီး ပရောဂျက်တခုသည် အမှတ်စဉ်-၁ တွင် ဖော်ပြထားသော ကဏ္ဍ၄ခု အနက်မှ မိမိနစ်သက်ရာ ကဏ္ဍ၁ခုအတွက်သာ ပြိုင်ပွဲဝင်လိုကြောင်းကို လျှောက်လွှာထဲတွင် ရေးသားဖော်ပြရမည် ဖြစ်သည်။

မိမိပြိုင်ပွဲဝင်ရာ ကဏ္ဍအမျိုးအစားအလိုက် သတ်မှတ်ချက်များကိုလည်း လိုက်နာရမည် ဖြစ်သည်။

**<u>ယေဘုယျသတ်မှတ်ချက်</u>**

- လျှောက်ထားမည့် ဗီဒီယိုသည် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီရမည် ဖြစ်သည်။
- မြန်မာနိုင်ငံ၌ သာ ရိုက်ကူးဖော်ပြသော ဗီဒီယို ဖြစ်ရမည်။
- ဗီဒီယို၏ အများဆုံး ကြာမြင့်ချိန်မှာ ၃မိနစ် ဖြစ်သည်။
- ဗီဒီယို ရိုက်ကူးသူသည် အသက် ၁၈ နှစ် နှင့်အထက် မြန်မာနိုင်ငံသား ဖြစ်ရမည်။
- ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင် ကိုယ်တိုင် ရိုက်ကူးထားသော ဗီဒီယို ဖြစ်ရမည် ။
- ပြိုင်ပွဲဝင်ဗီဒီယို သည် မြန်မာနိုင်ငံတွင် ချမှတ်ထားသော ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုရှိရမည်။
- မူပိုင်ခွင့်များကိုချိုးဖောက်ထားသော ဗီဒီယို မဖြစ်ရပါ။
- မိမိယှဉ်ပြိုင်သောကဏ္ဍနှင့် မသက်ဆိုင်သော၊ မလေးစားသော အပြုအမူများနှင့် မသင့်တော်သောအကြောင်းအရာများကို ထည့်သွင်းရိုက်ကူးခြင်းခွင့်မပြုပါ။
- ပြိုင်ပွဲဝင် ဗီဒီယိုများသည် နိုင်ငံခြားသားဧည့်သည်များအတွက် မြန်မာနိုင်ငံတွင်းရှိ ခရီးသွားများအား ဆွဲဆောင်မှုရှိသောနေရာများကို လာရောက်လည်ပတ်မှုများပြားစေရန်ပံ့ပိုး မြှင့်တင်ပေးရမည်။
- ဗီဒီယိုသည် အခြားအရာများကို ဖော်ပြနိုင်ခြင်းမရှိလျှင်တောင်မှ အနည်းဆုံး အလှရသ ပြည့်ဝမှုနှင့် နည်းပညာဆိုင်ရာအရည်အသွေးကောင်းတို့ဖြင့် ဖန်တီး တင်ဆက်ရမည် ဖြစ်သည်။
- ဖန်တီး ဆန်းသစ်မှု ပါဝင်ရမည့် အပြင် တိုတိုနှင့် လိုရင်း ရောက်အောင် တင်ဆက်ထားသော ဗီဒီယို ဖြစ်ရမည်။
- ဗီဒီယို တွင် နိုင်ငံခြားသားများ နားလည်စေရန် အင်္ဂလိပ် ဘာသာဖြင့် စာတန်းထိုးများ၊ စကားပြောဆိုခန်းများ ပါဝင်ရမည် ဖြစ်သည်။

ပြင်သစ်မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (CCI France Myanmar) အကဲဖြတ် ဂျူရီ လူကြီးမင်းများ အဖွဲ့သာလျှင် အထက်ပါစည်းကမ်းသတ်မှတ်ချက်များကို ပြဌာန်းခွင့်ရှိပြီး မည်သည့်အကြောင်းအရာများက အဆိုပါစည်းကမ်းသတ်မှတ်ချက်များကို လိုက်နာပြီး မည်သည့်အကြောင်းအရာများက အဆိုပါ စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ကြောင်းကို ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

ပြင်သစ်မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (CCI France Myanmar) နှင့် အကဲဖြတ် ဂျူရီ လူကြီးမင်းများ အဖွဲ့က ဗီဒီယို တခုအား ပြိုင်ပွဲဝင်ရန်မသင့်ဟု သတ်မှတ်ခြင်းခံရလျှင် ပြိုင်ပွဲဝင်သည် ၎င်းဆုံးဖြတ်ချက်နှင့် ပတ်သတ်ပြီး အငြင်းပွားပိုင်ခွင့်မရှိပါ။

**<u>"You are welcome" အတွက်ဆု</u>**

မြန်မာနိုင်ငံရှိ မြန်မာလူမျိုးများ၏ ဧည့်ဝတ်ပျူငှာမှု၊ ပြောစမှတ်တွင်ရသည့် လှိုက်လှဲသော အပြုံး နှင့်၊ ရင်းနှီးကျွမ်းဝင်မှုများကို ရှုထောင့်မျိုးစုံမှ ရိုက်ကူးတင်ဆက်နိုင်သည်။ မြန်မာနိုင်ငံသားများသည် နိုင်ငံခြားဧည့်သည်များအား ကြိုဆိုကြောင်းနှင့် မိမိ မြန်မာနိုင်ငံကို လာရောက် လည်ပတ်ရန် ဖိတ်ခေါ်ကြောင်း ဖော်ပြရိုက်ကူးရမည်ဖြစ်သည်။ ဤ ကဏ္ဍ၏ အဓိက ဖော်ပြချင်သော အကြောင်းမှာ " မြန်မာပြည်မှ ကြိုဆိုပါတယ်" ဟူ၍ ဖြစ်သည်။

**<u>"It's unique" အတွက်ဆု</u>**

အခြားနိုင်ငံများနှင့်ယှဉ်လျှင် မြန်မာနိုင်ငံ၏ မည်သည့်အရာများက ထူးခြားကွဲပြားနေ ကြောင်း၊ ထိုအရာများသည်လည်း မြန်မာနိုင်ငံတွင်သာ ရရှိနိုင်ပြီး၊ မည်သည့်နေရာတွင်မှမရနိုင်ကြောင်းကို ရိုက်ကူးတင်ဆက်ရမည် ဖြစ်သည်။ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုစစ်မှန်မှုများ၊ မတူကွဲပြားမှုများ နှင့် ထူးခြားမှု ကိုလည်း ဖော်ပြရမည် ဖြစ်သည်။ ဤကဏ္ဍ၏ အဓိကပေးချင်သော အကြောင်းမှာ " ဘယ်နေရာမှာမှ မရနိုင်ဘူး သို့သော်လည်း ဒီနိုင်ငံမှာ ရတယ်" ဖြစ်သည်။

**<u>"What's New?" အတွက်ဆု</u>**

"မြန်မာနိုင်ငံသည် တိုးတက်ပြောင်းလဲနေသော နိုင်ငံ ဖြစ်သည်" ဟူသောအကြောင်းအရာကို ရိုက်ကူးတင်ဆက်ရမည် ဖြစ်သည်။ မြန်မာနိုင်ငံသည် လူငယ်များ၏တီထွင်ဆန်းသစ်မှုများနှင့်အတူ ကမ္ဘာကြီးနှင့် ကူးလူးဆက်ဆံနေရသော

ပွင့်လင်းလွတ်လပ်သည့်နိုင်ငံဖြစ်ကြောင်းကို ရိုက်ကူးတင်ဆက်ပြသနိုင်ရမည် ဖြစ်သည်။ မြန်မာနိုင်ငံသည် ငယ်ရွယ်နုပျိုသူများ၏ အစီအစဉ်သစ်တွေ အားကမ္ဘာကြီးကို ဖော်ပြနေသော နိုင်ငံဖြစ်သည် ဆိုသည့် အကြောင်းနှင့် မြန်မာနိုင်ငံရှိ လူငယ်များသည်လည်း ပြည့်ဝသောစွမ်းအင် နှင့် အကောင်းမြင် ဝါဒကို အနာဂတ်မှာ ရှာဖွေနေခြင်း ဖြစ်သည် ဆိုသည့် အကြောင်းကို ဖော်ပြရိုက်ကူးရမည် ဖြစ်သည်။ ဤ ကဏ္ဍ၏ အဓိက ပေးချင်သော အကြောင်းမှာ "အနာဂတ်ဟာ ယခုပင်" ဖြစ်သည်။

**<u>"My Day In Myanmar" အတွက်ဆု</u>**

မြန်မာနိုင်ငံ၌ လက်ရှိနေထိုင်ရာ လူမှုဘဝအကြောင်းကို ရိုက်ကူးတင်ဆက်ရမည် ဖြစ်သည်။ မ တူကွဲပြားသော နေထိုင်မှုပုံစံ၊ မြေမျက်နှာသွင်ပြင်၊ ယဉ်ကျေးမှု၊ နေ့စဉ်လှုပ်ရှားမှုများ၊ သဘာဝ အရင်းအမြစ်များနှင့် မတူညီသော လူမျိုးများ ယှဉ်တွဲနေထိုင်ကြပုံကို ပြသရမည် ဖြစ်သည်။ နိုင်ငံခြား ခရီးသွား ဧည့်သည့်များအား မြန်မာနိုင်ငံရှိ မြန်မာ လူမျိုးများ၏ တ စ်နေ့တာ လှုပ်ရှားသွားလာ နေထိုင်မှုပုံစံကို ဖော်ပြပေးရမည် ဖြစ်သည်။ ဤ ကဏ္ဍ ၏ အဓိက ပေးချင်သော အကြောင်းမှာ "မတူကွဲပြားမှုတွေကြားမှ စည်းလုံးညီညွတ်သော မြန်မာပြည်" ဖြစ်သည်။

**<u>"Grand Prize" အတွက်ဆု</u>**

ကဏ္ဍ (၄)ခု ထဲတွင်ရှိသော ဗီဒီယိုများအနက်မှ Grand Prize ဆု ရရှိမည့် ဗီဒီယိုအား အကဲဖြတ်အဖွဲ့မှ ရွေးချယ် ပေးသွားမည် ဖြစ်သည်။ ၎င်း ဗီဒီယိုသည် ပြိုင်ပွဲဝင်သူတို့၏ ကိုယ်ပိုင်ဖန်တီးမှု ဖြစ်သော ဗီဒီယိုအရည်အသွေး အလှရသပြည့်ဝမှု အပြောဆိုကောင်းမှု စသည်ဖြင့် ဆုံးဖြတ်မှုပေးကာ ရရှိမည့် အမြင့်ဆုံးဆုကြီး ဖြစ်သည်။

**<u>"Public's Choice" အတွက်ဆု</u>**

ပြည်သူလူထုမှ အကြိုက်များသော ဗီဒီယိုအား လူကြိုက်များဆုံးဆု ဟူ၍ချီးမြှင့်မည် ဖြစ်သည်။

ဗီဒီယို ပြိုင်ပွဲဝင်သူများသည် အထက်ဖော်ပြပါ ကဏ္ဍများမှ တခုကို ဝင်ရောက်ယှဉ်ပြိုင်သည်နှင့် တပြိုင်နက် **<u>"Public's Choice" အတွက်ဆု</u>** ကိုပါ ဝင်ရောက်ယှဉ်ပြိုင်ပြီးဖြစ်သည်။ ပြင်သစ်မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (CCI France Myanmar) သည်ပြိုင်ပွဲဝင်များ၏ ပရော့ဂျက် တခုချင်းစီအတွက် အများပြည်သူထံတင်ဆက်ပေးမည်ဖြစ်သည်။

ပြိုင်ပွဲဝင် ဗီဒီယိုများကို စက်တင်ဘာမှ ၁၆ ရက်နေ့မှ စတင်ကာ ပြင်သစ်မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (CCI France Myanmar) က လက်ခံရရှိသည်နှင့် တပြိုင်နက် စစ်ဆေးအတည်ပြုပြီးနောက်တွင် CCI France Myanmar ၏ Facebook စာမျက်နှာတွင် တင်ပြမည် ဖြစ်သည်။ ပြိုင်ပွဲဝင်ဗီဒီယိုကို အများပြည်သူက မဲပေးရွေးချယ်ဆုံးဖြတ်ခြင်းပြုနိုင်ရန် နိုဝင်ဘာ၁၅ ရက်နောက်ပိုင်းတွင်မဲပေးရန် ပြုလုပ်ပေးသွားမည်ဖြစ်သည်။
ဒီဇင်ဘာ၄ရက်၊ညနေ၆နာရီထိ နောက်ဆုံးထားမဲပေးရွေးချယ်ခွင့်ပေးထားမည်ဖြစ်သည်။ မဲအများဆုံးရရှိသူက Public's Choice Award ကို အနိုင်ရရှိသူဖြစ်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်များသည် မိမိ၏ဗီဒီယိုများကို အများပြည်သူ ထံမှ "Like" ရယူရန် မက်လုံးပေးခြင်း၊ ကံစမ်းမဲများဖောက်ပေးခြင်း၊ အခကြေးငွေ တစုံတရာပေး၍ Like လုပ်ခိုင်းခြင်းတို့ကို မပြုလုပ်ရပါ။ ပြိုင်ပွဲဝင်များသည် မိမိ ဗီဒီယိုအား "Like" လုပ်ရန်အတွက် အများပြည်သူကို အသိပေးရန် အကြိမ်ကြိမ်မျှဝေခြင်းကိုမူ ပြုလုပ်နိုင်သည်။

ပြင်သစ်မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (CCI France Myanmar) မှ တင်ထားသော မူရင်းဗီဒီယို ပို့စ်၌ ရရှိသော "Vote" အရေအတွက်ကိုသာ ဆုံးဖြတ်ချက်တွင် ထည့်သွင်းစဉ်းစားမည်ဖြစ်သည်။ အခြား Facebook စာမျက်နှာ၊ Website စာမျက်နှာများ၌ တင်ထားသော (သို့မဟုတ်) ပြန်လည်မျှဝေထားသော ပို့စ်များမှ "Vote" များကို ထည့်သွင်းရေတွက်မည် မဟုတ်ပါ။

ပြိုင်ပွဲကျင်းပစီစဉ်သူများနှင့် အကဲဖြတ် ဂျူရီ လူကြီးမင်းများ အဖွဲ့သည် ပြိုင်ပွဲဝင်များကို ပြိုင်ပွဲစည်းကမ်းနှင့် မညီပါက အချိန်မရွေး ထုတ်ပယ်ပိုင်ခွင့်ရှိသည်။ ပြိုင်ပွဲဝင်များသည် မိမိတို့၏ Facebook အကောင့်တုများဖြင့် Like ခြင်း၊ Share ခြင်းများကိုလည်းတားမြစ်ထားသည်။ "Like" များကို မသမာသော နည်းလမ်းများဖြင့် ရယူခြင်း မပြုနိုင်စေရန် အကဲဖြတ် ဂျူရီ လူကြီးမင်းများ အဖွဲ့က စောင့်ကြည့်မည်ဖြစ်ပြီး မသမာမှုတစုံတရာတွေ့ရှိပါက ပြိုင်ပွဲမှ ထုတ်ပယ်ခြင်း ခံရမည်။

ပြိုင်ပွဲဝင်ဗီဒီယိုများသည် ၎င်းစာမျက်နှာတွင် ဆက်လက်တည်ရှိနေမည် ဖြစ်သော်လည်း သတ်မှတ်ထားသော အချိန်နောက်မှ ရရှိသော Like များကို ထည့်သွင်းရေတွက်မည် မဟုတ်ပါ။

**<u>အကဲဖြတ် ဂျူရီ လူကြီးမင်းများ အဖွဲ့၏ ဆုံးဖြတ် ရွေးခြယ်မှု</u>**

နိုဝင်ဘာ ၁၅၊ ၂၀၁၉ ညနေ၆နာရီ နောက်ပိုင်းတွင်ပေးပို့သော ဗီဒီယိုများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

ဂျူရီလူကြီးမင်းများသည် နိုဝင်ဘာ ၁၅၊ ၂၀၁၉ ညနေ၆နာရီ နောက်ပိုင်းတွင်တွေ့ဆုံကြမည်ဖြစ်ပြီး ဆုရွေးချယ်ရေးလုပ်ငန်းများကို ဆက်လက်ပြုလုပ်ကြမည်ဖြစ်သည်။

အကဲဖြတ် ဂျူရီ လူကြီးမင်းများ အဖွဲ့သည် နိုဝင်ဘာ ၁၅၊ ၂၀၁၉ ညနေ၆နာရီ နောက်ပိုင်းတွင် အစည်းအဝေးပြုလုပ်ပြီး ကဏ္ဍတခုချင်းစီအလိုက် အနိုင်ရရှိသူများနှင့် CCI France Myanmar ၏ Facebook စာမျက်နှာတွင် "Like" အများဆုံးရရှိသူတို့အား အတည်ပြုဆုံးဖြတ်မည် ဖြစ်သည်။ အကဲဖြတ် ဂျူရီ လူကြီးမင်းများ အဖွဲ့သည် ဆုရွေးချယ်ရေးအတွက် ပြိုင်ပွဲဝင်များထံမှ ပြိုင်ပွဲဝင် ဗီဒီယိုနှင့် သက်ဆိုင်သော အခြားအချက်အလက်များကို တောင်းယူကြည့်ရှုခွင့်ရှိသည်။

CCI France Myanmar နှင့် အကဲဖြတ်ဂျူရီလူကြီးမင်းများသည် အနိုင်ရရှိသူကို အများသိစေရန် ကြေငြာပြီးသည့်တိုင်အောင် ၄င်းပြိုင်ပွဲဝင်သည် ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများ၊ ဂျူရီလူကြီးမင်းများ၊ ပြိုင်ပွဲကျင်းပရေး စီစဉ်သူများ နှင့် ပြိုင်ပွဲကို မလေးမစားမထီမဲ့မြင်ပြုခဲ့လျှင်သော်လည်းကောင်း၊ အဆိုပါအနိုင်ရရှိသူ၏ ပြုမူပြောဆိုပုံများသည် စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်သည်ဟု ယူဆရလျှင်သော်လည်းကောင်း၊ နာမည်ဂုဏ်သတင်းပျက်ပြားစေရန် နှိမ့်ချပြောဆိုမှုများကို ဆုချီးမြှင့်ပြီး သိရှိခဲ့လျှင်သော်လည်းကောင်း အဆိုပါဆုကို ပြန်လည်ရုတ်သိမ်းပိုင်ခွင့်ရှိသည်။

ပြိုင်ပွဲဝင်များသည် ပြိုင်ပွဲဝင်အချင်းချင်းကိုလည်းကောင်း၊ ပြိုင်ပွဲကိုလည်းကောင်း ပြိုင်ပွဲဖြစ်မြောက်ရေး စီစဉ်သူ CCI France Myanmar ကိုလည်းကောင်း၊ ယခုဖော်ပြပါ စည်းမျဉ်းစည်းကမ်းများနှင့် သတ်မှတ်ချက်များကိုလည်းကောင်း၊ မူပိုင်ခွင့်နှင့် ဉာဏပစ္စည်းဆိုင်ရာ ပိုင်ဆိုင်ခွင့်များနှင့်ပတ်သတ်၍ နိုင်ငံတကာစည်းမျဉ်း၊ စည်းကမ်းနှင့် စံနှုန်းများကိုလည်းကောင်း ပြိုင်ပွဲဝင်များလေးစားလိုက်နာရန် ထပ်မံအသိပေးအပ်ပါသည်။ ဖော်ပြပါ စည်းကမ်းကို ဖောက်ဖျက်သော ပြိုင်ပွဲတွင် အနိုင်ရရှိသူကို အများပြည်သူသိစေရန် ကြေငြာပြီးသည့်နောက်ပိုင်းတွင်လည်း အချိန်မရွေး ရုတ်သိမ်းခွင့်ရှိပြီး ပြိုင်ပွဲမှ ထုတ်ပယ်ပိုင်ခွင့်ရှိသည်။ ပြိုင်ပွဲမှ ထုတ်ပယ်ခံရပါက ပြိုင်ပွဲဝင်ရန်အတွက် ကုန်ကျထားသော ကုန်စရိတ်များကို ပြန်လည်ပေးလျော်ရန်တောင်းခံခွင့်မရှိပါ။

## အပိုဒ် (၄) - ချီးမြှင့်မည့်ဆုများ

### ၄.၁ - ဆု၏သဘောသဘာဝ

ဆုရရှိသူများသည် အောက်ပါသတ်မှတ်ချက်များအတိုင်း ခံစားခွင့်များရရှိနိုင်မည် ဖြစ်သည်။

**Grand Prize Award ဆွတ်ခူးမည့် သူ အတွက်**

- နာရီ၂၀ ကြာမြင့်မည့် အခြေခံရုပ်ရှင်ရိုက်ကူးခြင်းဆိုင်ရာ သင်တန်းကို The Academy Fame Gate Studio စင်္ကာပူတွင်တက်ရောက်ခွင့်၊
- စင်္ကာပူလေကြောင်းလိုင်း Singapore Airlines မှချီးမြှင့်သော ရန်ကုန်-စင်ကာပူ-ရန်ကုန် အသွား၊အပြန်ခရီးအတွက် လက်မှတ်တစောင်၊
- Canon Myanmar မှချီးမြှင့်သော ဓာတ်လမ်းတိုများ ရိုက်ကူးနိုင်သော EOS-80D အမျိုးအစား ကင်မရာတလုံး၊
- The Strand Cruise မှချီးမြှင့်သော မနက်စာ၊ နေ့လည်စာနှင့် ညစာတို့ ပါဝင်သော လူ၂ယောက်စာအတွက် ၂ညတာ ဇိမ်ခံသင်္ဘောကြီးပေါ်တွင် လိုက်ပါစီးနင်းခွင့်၊
- Memories Group မှ ချီးမြှင့်သော အင်းလေးဒေသ (သို့မဟုတ်) ပုဂံဒေသတွင် လူ၂ယောက် ၁ကြိမ် မိုးပျံပူပေါင်းစီးခွင့်၊
- Hilton မှချီးမြှင့်သော Hilton Ngapali တွင် ၂ယောက်စာ ၁ညတာ ၁ကြိမ် တည်းခိုခွင့်၊
- Accor Group မှချီးမြှင့်သော Novotel Yangon Max တွင် ၂ယောက်စာ ၁ညတာ ၁ကြိမ် တည်းခိုခွင့်၊
- Lotte Hotel မှ ချီးမြှင့်သော Lotte Hotel Yangon တွင် ၂ယောက်စာအတွက် မနက်စာ အပါအဝင် ၁ညတာ ၁ကြိမ် တည်းခိုခွင့်၊
- Le Planteur မှချီးမြှင့်သော Le Planteur ရန်ကုန် စားသောက်ဆိုင်တွင် ၂ယောက်စာ ညစာ၁ကြိမ် သုံးဆောင်ခွင့်၊
- Canal+ Myanmar မှ ချီးမြှင့်သော Canal+ TV Box တခုနှင့် ၆လတာ အခမဲ့ကြည့်ရှုခွင့်။

**"You're welcome" ဆွတ်ခူးမည့် သူ အတွက်**

- Thanakha Hotel မှချီးမြှင့်သော Thanakha Hotel Inle Lake တွင် ၂ယောက်စာအတွက် မနက်စာနှင့် ညစာတို့ ပါဝင်သော ၂ညတာ ၁ကြိမ် တည်းခိုခွင့်၊
- Savoy Hotel မှချီးမြှင့်သော Savoy Hotel Yangon တွင် ၂ယောက်စာအတွက် မနက်စာ၊ နေ့လည်စာနှင့် ညစာတို့ ပါဝင်သော ၁ညတာ ၁ကြိမ် တည်းခိုခွင့်၊

- Melia Hotel Yangon မှချီးမြှင့်သော The Market Restaurant တွင် Sunday Brunch သို့မဟုတ် Friday Seafood Night ကို ၂ယောက်စာ သုံးဆောင်ခွင့်၊
- Canal+ Myanmar မှ ချီးမြှင့်သော Canal+ TV Box တခုနှင့် ၆လတာ အခမဲ့ကြည့်ရှုခွင့်။

**"It's unique" ဆွတ်ခူးမည့် သူ အတွက်**

- The Strand မှချီးမြှင့်သော The Strand Hotel Yangon တွင် ၂ယောက်စာအတွက် မနက်စာ ပါဝင်သော ၂ညတာ ၁ကြိမ် တည်းခိုခွင့်၊
- Melia မှချီးမြှင့်သော Melia Hotel Yangon ၏ Premium Lake View အခန်းတွင် ၂ယောက်စာအတွက် မနက်စာ ပါဝင်သော ၂ညတာ ၁ကြိမ် တည်းခိုခွင့်၊
- Excelsior Hotel Yangon မှချီးမြှင့်သော The Newsroom တွင် Set Menu ဖြင့် ၂ယောက်စာ နေ့လည်စာ သုံးဆောင်ခွင့်၊
- Canal+ Myanmar မှ ချီးမြှင့်သော Canal+ TV Box တခုနှင့် ၆လတာ အခမဲ့ကြည့်ရှုခွင့်။

**"What's New?" ဆွတ်ခူးမည့် သူ အတွက်**

- Excelsior မှချီးမြှင့်သော Excelsior Hotel Yangon တွင် ၂ယောက်စာအတွက် မနက်စာ ပါဝင်သော ၂ညတာ ၁ကြိမ် တည်းခိုခွင့်၊
- Pullman Yangon မှချီးမြှင့်သော Pullman Hotel Yangon ၏ Deluxe အခန်းတွင် ၂ယောက်စာအတွက် မနက်စာ ပါဝင်သော ၂ညတာ ၁ကြိမ် တည်းခိုခွင့်၊
- Savoy Hotel မှချီးမြှင့်သော Savoy's Boutique Brunch ကို ၂ယောက်စာ သုံးဆောင်ခွင့်၊
- Canal+ Myanmar မှ ချီးမြှင့်သော Canal+ TV Box တခုနှင့် ၆လတာ အခမဲ့ကြည့်ရှုခွင့်။

**"My Day in Myanmar" ဆွတ်ခူးမည့် သူ အတွက်**

- Novotel Inle မှချီးမြှင့်သော Novotel Inle Lake တွင် ၂ယောက်စာအတွက် မနက်စာနှင့် ညစာ ပါဝင်သော ၂ညတာ ၁ကြိမ် တည်းခိုခွင့်၊
- Memories Group မှ ချီးမြှင့်သော အင်းလေးဒေသ (သို့မဟုတ်) ပုဂံဒေသတွင် လူ၂ယောက် ၁ကြိမ် မိုးပျံပူပေါင်းစီးခွင့်၊
- Inya Lake Hotel မှချီးမြှင့်သော Inya Lake Hotel Yangon တွင် ၂ယောက်စာအတွက် မနက်စာ ပါဝင်သော ၂ညတာ ၁ကြိမ် တည်းခိုခွင့်၊
- Canal+ Myanmar မှ ချီးမြှင့်သော Canal+ TV Box တခုနှင့် ၆လတာ အခမဲ့ကြည့်ရှုခွင့်။

**"Public's Choice" ဆွတ်ခူးမည့် သူ အတွက်**

- Hotel G မှချီးမြှင့်သော Hotel G Yangon တွင် ၂ယောက်စာအတွက် မနက်စာ ပါဝင်သော ၂ညတာ ၁ကြိမ် တည်းခိုခွင့်၊
- Mercure Kaba Aye မှချီးမြှင့်သော Mercure Kaba Aye Hotel Yangon ၏ Deluxe အခန်းတွင် ၂ယောက်စာအတွက် မနက်စာ ပါဝင်သော ၁ညတာ ၁ကြိမ် တည်းခိုခွင့်၊
- Pullman Mandalay မှချီးမြှင့်သော Pullman Hotel Mandalay ၏ Superior အခန်းတွင် ၂ယောက်စာအတွက် မနက်စာ ပါဝင်သော ၁ညတာ ၁ကြိမ် တည်းခိုခွင့်၊
- Memories Group မှ ချီးမြှင့်သော Awei Metta Hotel တွင် Weekend Brunch ကို ၆ယောက်စာ ၁ကြိမ် သုံးဆောင်ခွင့်၊
- Canal+ Myanmar မှ ချီးမြှင့်သော Canal+ TV Box တခုနှင့် ၆လတာ အခမဲ့ကြည့်ရှုခွင့်။

ဖော်ပြပါ ဆုများကို မည်သည့်အချိန်တွင် မည်သည့်ဆုများကို မည်သို့ ပေးအပ်မည်ဟူသော ဆုံးဖြတ်ချက်ကို ပြင်သစ်မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (CCI France Myanmar) ကသာ ချမှတ်ပိုင်ခွင့်ရှိသည်။ ပြင်သစ်မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (CCI France Myanmar) နှင့် ဖော်ပြပါဆုများကို ပေးအပ်သော Sponsor များကသာ ၎င်းဆုများ၏ တန်ဖိုးကို သတ်မှတ်ပိုင်ခွင့်ရှိသည်။

ပြိုင်ပွဲကဏ္ဍတခုတွင် ဝင်ရောက်ယှဉ်ပြိုင်သော ဗီဒီယိုအရေအတွက်သည် ပြိုင်ပွဲ ဖြစ်မြောက်ရေးအတွက် လုံလောက်မှုမရှိဟု ယူဆခဲ့လျှင်သော်လည်းကောင်း၊ ပြိုင်ပွဲဝင်ဗီဒီယိုများသည် ဆုပေးအပ်ရန်အတွက် ထိုက်တန်သော အရည်အသွေးမရှိခဲ့လျှင်သော်လည်းကောင်း ပြိုင်ပွဲစီစဉ်သူများအနေဖြင့် အဆိုပါ ပြိုင်ပွဲကဏ္ဍကို ရုတ်သိမ်းခွင့်ရှိသည်။

ပြိုင်ပွဲကဏ္ဍ ၁ခု (သို့မဟုတ်) ၁ခုထက်ပိုသော ပြိုင်ပွဲကဏ္ဍကို ရုတ်သိမ်းခဲ့သည်ရှိသော် ပြိုင်ပွဲစီစဉ်သူများအနေဖြင့် ပြိုင်ပွဲဝင်များအားလည်းကောင်း၊ အထောက်အပံ့ပြုပါဆုများကိုပေးအပ်သော Sponsor များအားလည်းကောင်း ကုန်ကျစရိတ်များကို ပြန်လည်ပေးလျော်မည်မဟုတ်ပါ။ အထောက်အပံ့ပြုပါဆုများကိုပေးအပ်သော Sponsor များနှင့် ပြင်သစ်မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (CCI France Myanmar) တို့ကြားထားရှိသော သဘောတူညီမှုသည်လည်း ပျက်ပြယ်လိမ့်မည် မဟုတ်ပါ။

ပြိုင်ပွဲကဏ္ဍ ၁ခု (သို့မဟုတ်) ၁ခုထက်ပိုသော ပြိုင်ပွဲကဏ္ဍကို ရုတ်သိမ်းခဲ့သည်ရှိသော် အထောက်အပံ့ပြုပါဆုများကိုပေးအပ်သော Sponsor များအနေဖြင့် အခြားပြိုင်ပွဲကဏ္ဍအမျိုးအစားများတွင် မိမိချီးမြှင့်လိုသော ဆုကို ပေးအပ်ပိုင်ခွင့်ရှိသည်။

## ၄.၂ - ဆုချီးမြှင့်ပွဲ အခမ်းအနား

ဆုများကို ၂၀၁၉၊ ဒီဇင်ဘာလ ၁၁ ရက် - ဗုဒ္ဓဟူးနေ့တွင် ပြင်သစ်မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (CCI France Myanmar) မှ ကြီးမှူးကျင်းပသော Makers Night အမည်ရ နှစ်ပတ်လည် ညစာစားပွဲ၌ ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ပါသည်။

ဆုရရှိသူများသည် Makers Night အမည်ရ နှစ်ပတ်လည် ညစာစားပွဲကို တက်ရောက်ရန် လက်မှတ်တစောင်လက်ခံရရှိမည်ဖြစ်ပြီး ဆုရရှိသူများအနေဖြင့် မိမိဧည့်သည်များအတွက် ညစာစားပွဲလက်မှတ်ကို ထပ်မံဝယ်ယူလိုပါက အထူးဈေးနှုန်းဖြင့် ဝယ်ယူနိုင်မည် ဖြစ်သည်။

ဆုရရှိသူများသည် စင်ပေါ်တွင် ဆုလက်ခံရယူရန် ကြေငြာခြင်းခံရမည်ဖြစ်ပြီး ဆုရရှိသူများ၏ဗီဒီယိုကိုလည်း ညစာစားပွဲ ကျင်းပချိန်တွင် ပရိုဂျက်တာဖြင့် ပြန်လည်ပြသသွားမည် ဖြစ်ပါသည်။

အဆိုပါ ညစာစားပွဲ အခမ်းအနားတွင်ပင် Young Entrepremeurs Awards - လူငယ်စွန့်ဦးတီထွင်သူများအတွက်ဆုပေးပွဲ ကိုလည်း ကျင်းပသွားမည် ဖြစ်ပါသည်။

# အပိုဒ် (၅) - ပြိုင်ပွဲဝင်များထားရှိရမည့် ကတိကဝတ်များ

ပြိုင်ပွဲဝင်များသည် ယခုပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်သည်နှင့် တပြိုင်နက် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို နားလည်သဘောပေါက် လက်ခံထားသည်ဟု ပြိုင်ပွဲကျင်းပရေးကော်မတီမှ ယူဆမည်ဖြစ်သည်။

အကဲဖြတ် ဂျူရီ လူကြီးမင်းများ အဖွဲ့အနေဖြင့် မျှတသော ဆုံးဖြတ်ချက်ကို မှန်ကန်စွာ ချမှတ်နိုင်ရေးအတွက် ပြိုင်ပွဲဝင်များသည် ပြိုင်ပွဲကျင်းပရေးကော်မတီကို မိမိ၏ စစ်မှန်သော သတင်းအချက်အလက်များကိုသာ ပေးရမည် ဖြစ်သည်။

ဆုရရှိသူများသည် ၂၀၁၉၊ ဒီဇင်ဘာလ ၁၁ ရက် - ဗုဒ္ဓဟူးနေ့တွင် ပြင်သစ်မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (CCI France Myanmar) မှ ကြီးမှူးကျင်းပသော Makers Night အမည်ရ နှစ်ပတ်လည် ညစာစားပွဲကို တက်ရောက်နိုင်ရမည် ဖြစ်ပြီး တက်ရောက်နိုင်ခြင်း မရှိပါက ပြိုင်ပွဲဝင်အနေဖြင့် ယခုပြိုင်ပွဲကို စစ်မှန်သော စိတ်အားသန်မှု မရှိဟု ယူဆပြီး ပြိုင်ပွဲမှ ထုတ်ပယ်ခြင်းခံရနိုင်သည်။

# အပိုဒ် (၆) - အကဲဖြတ် ဂျူရီ လူကြီးမင်းများ အဖွဲ့ ဖွဲ့စည်းပုံ

#cometomyanmar ဗီဒီယိုပြိုင်ပွဲတွင်ပါဝင်မည့် အကဲဖြတ် ဂျူရီ လူကြီးမင်းများ တယောက်ချင်းစီကို များမကြာမီကာလတွင် အတည်ပြုသွားမည်ဖြစ်သည်။ ယခုလတ်တလောအတွက်မူ ဂျူရီလူကြီးမင်းများအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းထားသည်။

- Platinum Sponsor : Mr. Matthieu Glorieux, General Manager, Seagram Myanmar
- President of Jury: ကို အာကာဝင်း၊ ဒါရိုက်တာ
- ဒေါ်ယဉ်မျိုးစု၊ Inle Heriatge ၏ ဥက္ကဋ္ဌ
- ဒေါ်ဖြူဖြူမာ၊ Myanmar Tourism Marketing Association ၏ တွဲဖက်အတွင်းရေးမှူး
- ဒေါ်စုစုတင်၊ ပြင်သစ်မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ၏ ဘုတ်အဖွဲ့ဝင် နှင့် Exo Travel ၏ ဒါရိုက်တာ။
- Mr. Philippe Battlé ပြင်သစ်မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ၏ ဘုတ်အဖွဲ့ဝင် နှင့် Accor Group ၏ မြန်မာနိုင်ငံ ကိုယ်စားလှယ်။
- Mr. Erwan Luherne - Canal+ Myanmar ၏ General Manager
- Mr. Jérémy Damloup – Akhuka Production ၏ တွဲဖက်တည်ထောင်သူ

ဂျူရီ လူကြီးမင်းများသည် အဂတိတရားကင်းစွာဖြင့် ပြိုင်ပွဲကို စည်းကြပ်ကြမည် ဖြစ်သည်။ အကဲဖြတ် ဂျူရီ လူကြီးမင်းများ အဖွဲ့သည် ဆုရွေးချယ်ရေးအတွက် ပြိုင်ပွဲဝင်များထံမှ ပြိုင်ပွဲဝင် ဗီဒီယိုနှင့် သက်ဆိုင်သော အခြားအချက်အလက်များကို သိရှိလိုပါက တောင်းဆိုနိုင်ခွင့်ရှိသည်။

## အပိုဒ် (၇) - ပြိုင်ပွဲ အတွက် ကုန်ကျစရိတ်

ပြိုင်ပွဲဝင်လိုသူများသည် ယခုပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် အတွက် အခကြေးငွေပေးရန် မလိုအပ်ပါ။ ပြိုင်ပွဲဝင်ရန်အတွက် ရိုက်ကူးသော ဗီဒီယိုအတွက် ကုန်ကျစရိတ်ကို ပြိုင်ပွဲဝင်ကသာ ကျခံရမည် ဖြစ်ပြီး မည်သည့်ကုန်ကျစရိတ်ကိုမှ ပြန်လည်ပေးလိမ့်မည် မဟုတ်ပါ။

## အပိုဒ် (၈) - ပြိုင်ပွဲဝင် ဗီဒီယို၏ မူပိုင်ခွင့်

ပြိုင်ပွဲဝင်များအနေဖြင့် မိမိ၏ပြိုင်ပွဲဝင် ဗီဒီယိုများသည် အခြားသူများ၏ ဉာဏပစ္စည်းမူပိုင်ခွင့်ကို တရားမဝင်သော နည်းဖြင့်ရယူထားခြင်းမရှိကြောင်းကို မိမိကိုယ်တိုင် တာဝန်ခံရမည်ဖြစ်သည်။ သို့မှသာလျှင် ပြိုင်ပွဲဖြစ်မြောက်ရေး စီစဉ်သူများအနေဖြင့် မလိုအပ်သော အငြင်းပွားမှုများကို ရှောင်လွဲနိုင်မည် ဖြစ်သည်။

## အပိုဒ် (၉) - ပြိုင်ပွဲဖြစ်မြောက်ရေးစီစဉ်သူ

### ၉.၁ - ဆက်သွယ်ရေး မီဒီယာ

ပြိုင်ပွဲဝင်များသည် မိမိတို့၏ အမည်များကို ပြိုင်ပွဲနှင့် ဆက်စပ်သော သတင်းနှင့် စာနယ်ဇင်းတို့အပါအဝင် ဆက်သွယ်ရေးဆိုင်ရာ လုပ်ငန်းများတွင် အသုံးပြုမည်ကို နားလည်သဘောပေါက်လက်ခံရမည် ဖြစ်သည်။ ပြိုင်ပွဲဝင်များသည် မိမိတို့၏ ဗီဒီယိုများကို ပြင်သစ်မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (CCI France Myanmar) အနေဖြင့် ၎င်း၏ ဆက်သွယ်ရေးနယ်ပယ်များတွင် တင်ပြခြင်း၊ မျှဝေခြင်း၊ ထုတ်လွှင့်ခြင်း၊ ပြသခြင်း၊ သိမ်းဆည်းခြင်းတို့ကိုလည်း လက်ခံရမည်။

ပြိုင်ပွဲဝင်များ၏ ဤကဲ့သို့ အသုံးပြုမှု ပေးခွင့်အပေါ်တွင် ပြင်သစ်မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (CCI France Myanmar) သည်လည်းကောင်း၊ ၎င်း၏အသင်းဝင်များသည်လည်းကောင်း၊ ငွေကြေးထောက်ပံ့သော စပွန်ဆာများသည်လည်းကောင်း၊ အကဲဖြတ် ဂျူရီ လူကြီးမင်းများအဖွဲ့သည် လည်းကောင်း ပြိုင်ပွဲ၏ ရည်ရွယ်ချက်ဖြစ်သော မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍကို မြှင့်တင်ရန်မှ တပါး ၎င်းတို့၏အကျိုးစီးပွားအတွက် ပြိုင်ပွဲဝင်ဗီဒီယိုများကို အသုံးပြု၍ကြော်ငြာခြင်းများ ပြုလုပ်မည် မဟုတ်ပါ။

ထို့အပြင် ပြင်သစ်မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (CCI France Myanmar) သည်လည်းကောင်း၊ ၎င်း၏အသင်းဝင်များသည်လည်းကောင်း၊ ငွေကြေးထောက်ပံ့သော စပွန်ဆာများသည်လည်းကောင်း၊ အကဲဖြတ် ဂျူရီ လူကြီးမင်းများအဖွဲ့သည် လည်းကောင်း ပြိုင်ပွဲဝင်ဗီဒီယိုများကို ပြိုင်ပွဲဝင်များရိုက်ကူးထားသည့် မူရင်းပုံစံအတိုင်းသာ အများပြည်သူထံသို့ ချပြခွင့်ရှိပြီး ၎င်းတို့ အဖွဲ့အစည်း ၏ကိုယ်ပိုင်အကျိုးအမြတ် တစုံတရာအတွက် ပြုပြင်ပြောင်းလဲခြင်းကို ခွင့်မပြုပါ။

နောက်ဆုံးအနေဖြင့် ပြိုင်ပွဲဖြစ်မြောက်ရေး စီစဉ်သူများသည် ဗီဒီယိုကို ဖန်တီးသူများကို အများပြည်သူထံသို့ အသိပေးတင်ပြရမည် ဖြစ်သည်။ ပြင်သစ်မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (CCI France Myanmar) သည်လည်းကောင်း၊ ၎င်း၏အသင်းဝင်များသည်လည်းကောင်း၊ ငွေကြေးထောက်ပံ့သော စပွန်ဆာများသည်လည်းကောင်း၊ အကဲဖြတ် ဂျူရီ လူကြီးမင်းများအဖွဲ့သည် လည်းကောင်း၊ ပြိုင်ပွဲဝင်များ၏ ဗီဒီယို ဖန်တီးမှုမူပိုင်ခွင့်ကို မည်သည့်နည်းနှင့်မျှ တောင်းယူပိုင်ခွင့်မရှိပါ။

### ၉.၂ - တာဝန်ယူမှု၊ တာဝန်ခံမှု

အကယ်၍ ပြိုင်ပွဲသည် အကြောင်းတစုံတရာကြောင့် နှောင့်နှေးခြင်း၊ ကြန့်ကြာခြင်းနှင့် ကြားဖြတ်နှောင့်ယှက်ခြင်းများအတွက် ပြိုင်ပွဲဖြစ်မြောက်ရေး စီစဉ်သူများသည် တာဝန်ယူလိမ့်မည်မဟုတ်ပါ။ ပြိုင်ပွဲဝင်များနှင့် ငွေကြေးထောက်ပံ့သော Sponsor များအနေဖြင့်လည်း မည်သည့် ပြန်လည်ပေးလျော်မှုမျိုးကိုမှ ပြိုင်ပွဲဖြစ်မြောက်ရေး စီစဉ်သူများထံမှ တောင်းခံခွင့်မရှိပါ။

ပြိုင်ပွဲဖြစ်မြောက်ရေး စီစဉ်သူများသည် ယခုဖော်ပြပါ လုပ်ထုံးလုပ်နည်းများကို ပြောင်းလဲခွင့်ရှိပြီး ပြောင်းလဲမှုများကို ပြိုင်ပွဲဝင်များထံသို့ ကြိုတင် အသိပေးအကြောင်းကြားသွားမည်ဖြစ်သည်။

## အပိုဒ် (၁၀) - မတူကွဲပြားသော အတွေးအခေါ်များအတွက် လိုက်နာရမည့် စည်းကမ်းများ

### ၁၀.၁ - လိုက်နာရန်များ

ယခုပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်သည်နှင့်တပြိုင်နက် ပြိုင်ပွဲဝင်များသည် မိမိတို့၏ ကိုယ်အမူအယာ၊ နှုတ်အမူအယာများကို အများအမြင်တင့်တယ်စေရန် ပြုမူနေထိုင်ရမည် ဖြစ်သည်။ ပြင်သစ်မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (CCI France Myanmar) ကို လည်းကောင်း၊ ပြိုင်ပွဲဝင် အချင်းချင်းကိုလည်းကောင်း၊ အခြားမည်သူတဦးတယောက်ကိုလည်းကောင်း မည်သည့်နည်းဖြင့်မဆို ထိခိုက်နစ်နာစေသော၊ သိက္ခာကျစေသော၊ နာမည်ပျက်စေသော၊ စိတ်သဘောထားသေးသိမ်သော၊ စော်ကားသော၊ အမုန်းပွားများစေသော အပြုအမူ အပြောအဆိုများကို ရှောင်ကြဉ်ရမည် ဖြစ်ကြောင်း နားလည်ရမည် ဖြစ်သည်။ CCI France Myanmar သည် ဖော်ပြပါ စည်းကမ်းကို ဖောက်ဖျက်သော မည်သည့် ပြိုင်ပွဲဝင်ကိုမဆို ပြိုင်ပွဲမှ ထုတ်ပယ်ပိုင်ခွင့်ရှိသည်။ ပြိုင်ပွဲမှ ထုတ်ပယ်ခံရပါက ပြိုင်ပွဲဝင်ရန်အတွက် ကုန်ကျထားသော ကုန်စရိတ်များကို ပြန်လည်ပေးလျော်ရန်တောင်းခံခွင့်မရှိပါ။

ပြိုင်ပွဲဝင်များသည် မိမိ၏ပြိုင်ပွဲဝင် ဗီဒီယိုများတွင် ပါဝင်မည့် လူပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ အာဏာပိုင်များ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများထံမှ ၎င်းတို့၏ ခွင့်ပြုချက်တောင်းခံပြီး ဖြစ်ရမည်။ ပြိုင်ပွဲဝင်များသည် ပြိုင်ပွဲကာလ အတွင်း သတင်းပေါက်ကြားမှုများ၊ တင်သောပို့စ်များ၊ မှုဗေသောအကြောင်းအရာများ နှင့် အများပြည်သူသို့ တင်ပြသော အကြောင်းအရာတို့ထံမှ ပြဿနာ တစုံတရာ ဖြစ်လာခဲ့ပါက ပြင်သစ်မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (CCI France Myanmar) အနေဖြင့် တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။ ထို့အပြင် CCI France Myanmar မှ ခန့်အပ်ထားသူများထံမှ မဟုတ်သော အများပြည်သူ၏ မှတ်ချက်များအတွက်လည်းတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

ပြင်သစ်မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (CCI France Myanmar) ၏ အမည်၊ အမှတ်တံဆိပ်နှင့် ဆက်စပ် ဉာဏပစ္စည်းများ နှင့် ဆက်သွယ်ရေးဆိုင်ရာ အသုံးပြုသည့် ရုပ်ပုံ၊ အမှတ်အသား အစရှိသည်တို့သည် CCI France Myanmar အဖွဲ့အစည်း၏ ကိုယ်ပိုင် အမှတ်တံဆိပ် ပစ္စည်းများ ဖြစ်ပြီး မည်သည့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များက ၎င်းတို့၏ အကျိုးအမြတ်အတွက် အသုံးပြုခြင်းမရှိစေရပါ။ CCI France Myanmar မှ လူထုဆက်သွယ်ရေးနှင့် ပြန်ကြားရေးဆိုင်ရာ အတွက် အသုံးပြုသော ရုပ်ပုံ၊ စာ အစရှိသော အရာများသည် CCI France Myanmar ၏မူပိုင်ဖြစ်ပြီး မည်သည့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များက CCI France Myanmar နှင့် စာဖြင့်ရေးသားထားသော ကြိုတင် သဘောတူညီမှုမရှိဘဲ မိမိလိုအပ်သော ပုံစံပြုပြင်၍ အသုံးပြုခွင့် မရှိပါ။

ယခုလက်ရှိစည်းမျဉ်းစည်းကမ်းများသည် #cometomyanmar ဗီဒီယိုပြိုင်ပွဲဝင်သူအားလုံးအပေါ်တွင် အကျိုးသက်ရောက်မှုရှိသည်။

### ၁၀.၂ - လျှောက်လွှာ လျှောက်ထားခြင်းဆိုင်ရာ လိုအပ်ချက်များ

ပြိုင်ပွဲဝင်သည် မိမိဝင်ရောက်ယှဉ်ပြိုင်သော ဗီဒီယိုကြောင့် ပြိုင်ပွဲ ဖြစ်မြောက်ရေးစီစဉ်သူ CCI France Myanmar နှင့် ယင်းနှင့် ဆက်စပ်သော ကုမ္ပဏီများနှင့်အဖွဲ့အစည်းများကို ငွေကြေးနှင့်ပတ်သတ်သော နစ်နာမှု တစုံတရာ ဖြစ်ပေါ်ခဲ့သည်ရှိသော ပြိုင်ပွဲဝင်အနေဖြင့် ပြန်လည်ပေးလျော်ရမည်ကို သိရှိပြီး ဖြစ်ရမည်။

ပြိုင်ပွဲဝင်များသည် မိမိတို့၏ ပြိုင်ပွဲဝင် ဗီဒီယိုများသည် တစုံတဦးထံမှ ကူးယူထားခြင်း၊ ဉာဏပစ္စည်းဆိုင်ရာ မူပိုင်ခွင့်များကို ချိုးဖောက်ထားခြင်းမဟုတ်ဘဲ မိမိတို့၏ ကိုယ်ပိုင်စိတ်ကူးစိတ်သန်းဖြင့် အားထုတ်ထားသော မူရင်း အကြောင်းအရာ ဖြစ်သည်ကို မှန်ကန်ကြောင်း အာမခံနိုင်ရမည် ဖြစ်သည်။

ပြိုင်ပွဲဝင်များ၏ဗီဒီယိုများထဲတွင်ပါဝင်သော လူပုဂ္ဂိုလ်များသည်လည်း ဖော်ပြပါ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို နားလည်သဘောပေါက်လက်ခံရမည် ဖြစ်သည့်အပြင် ဗီဒီယိုများသည် အများပြည်သူထံသို့ တင်ဆက်ပြသထုတ်လွှင့်မည်ကိုလည်း သိရှိနားလည်ပြီး ဖြစ်ရမည်။ အသက် ၁၈မပြည့်သေးသူများသည် ဗီဒီယိုများတွင်ပါဝင်ခဲ့သည်ရှိသော ၎င်းတို့၏မိဘ (သို့မဟုတ်) အုပ်ထိန်းသူများက အထက်ပါ ဖော်ပြချက်ကို နားလည်ထားပြီး ဖြစ်ရမည်။

ဗီဒီယိုဖန်တီးသူများသည် ပြိုင်ပွဲဖြစ်မြောက်ရေး စီစဉ်သူ ပြင်သစ်မြန်မာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (CCI France Myanmar) မှ ပြိုင်ပွဲနှင့် သက်ဆိုင်သော လုပ်ဆောင်ချက်များပြုလုပ်နိုင်ရန်အတွက် အခကြေးငွေ တစုံတရာ ယူခြင်း၊ နေရာဒေသ ကန့်သတ်ခြင်း မရှိဘဲ အောက်ပါတို့ကိုလုပ်ဆောင်ခွင့် ပေးရမည်ဖြစ်သည်။

က. ဗီဒီယို၏ တစိတ်တပိုင်းကို ဖြစ်စေ၊ တခုလုံးကို ဖြစ်စေသိမ်းဆည်းခွင့်၊

ခ. မူရင်းရိုက်ကူးထားသော ဗီဒီယိုကို မပျက်စီးစေပဲ ဘာသာပြန်ခြင်း၊ စာတန်းထိုးခြင်း နှင့် ဤပြိုင်ပွဲ ဖြစ်မြောက်ရန် ငွေကြေးကူညီပံ့ပိုးပေးထားသော ကုမ္ပဏီများ၏ အမှတ်တံဆိပ်များထည့်သွင်းခြင်း အစရှိသည်တို့ကို ပြုလုပ်နိုင်ရန် ယင်းဗီဒီယိုအား အနည်းငယ်ပြုပြင်ပြောင်းလဲခွင့်၊

ဂ. ပြိုင်ပွဲဝင်ဗီဒီယိုများကို မီဒီယာများထံသို့ ဖြန့်ချီခြင်း၊ ပျံ့နှံ့စေခြင်း၊

ဃ. အများပြည်သူထံသို့တင်ဆက်ထုတ်လွှင့်ခြင်း၊

င. အများပြည်သူကြည့်ရှုနိုင်စေရန် ကန့်သတ်ထားခြင်းမရှိသော online (သို့မဟုတ်) offline မီဒီယာပေါင်းစုံထံမှ ထုတ်လွှင့်ခြင်း၊ အီလက်ထရွန်နစ်စနစ်သုံး မီဒီယာများထံမှ ဒေါင်းလုတ်ဆွဲနိုင်ရန် ဖြန့်ဝေခြင်း၊ ပြိုင်ပွဲနှင့်သက်ဆိုင်သော ကြေငြာချက်ထုတ်ပြန်ရန် အသုံးပြုခြင်း၊ ရုပ်သံဌာနများသို့ မျှဝေခြင်း၊ အီလက်ထရွန်နစ်စနစ်သုံး မဟုတ်သော သတင်းမီဒီယာများထံမျှဝေခြင်း၊ ယခုလက်ရှိသုံးစွဲနေသော ဆက်သွယ်ရေးကွန်ယက်အားလုံးအပါအဝင် နောင်တွင်ပေါ်ပေါက်လာနိုင်သော ဆက်သွယ်ရေးကွန်ယက်များတွင် ထုတ်လွှင့်မျှဝေခြင်း၊

စ. ပြိုင်ပွဲဝင်ဗီဒီယိုများကို စက္ကူ၊ သတ္တု အစရှိသော ထိတွေ့ကိုင်တွယ်၍ ရသော ကြားခံနယ်ဖြင့် ဖြစ်စေ၊ ဒီဂျစ်တယ်ပုံစံဖြင့် ဖြစ်စေ၊ အီလက်ထရွန်နစ်စနစ်ဖြင့် ဖြစ်စေ၊ အီလက်ထရွန်နစ် မဟုတ်သော စနစ်ဖြင့် ဖြစ်စေ မူပွားအဖြစ် ပြန်လည်ထုတ်လုပ်ခြင်း၊

ဆ. ပြိုင်ပွဲနှင့်ဆက်စပ်သော မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍ ပုံရိပ် မြှင့်တင်ရန်အတွက် CCI France Myanmar ၏ လုပ်ငန်းစဉ်များနှင့် ပြိုင်ပွဲဝင် ဗီဒီယိုကို ပေါင်းစပ်ခြင်း၊

ဈ. ပြိုင်ပွဲဝင်ဗီဒီယိုကို hardware, software, ကွန်ပြူတာ အီလက်ထရွန်နစ်စနစ်၊ ဂက်ဘ်ဆိုဒ်၊ လူမှုကွန်ရက်၊ ရုပ်သံတင်ဆက်မှု အစရှိသည်အဖြစ်ပြောင်းလဲခြင်း၊

CCI France Myanmar သည် အထက်ဖော်ပြပါအကြောင်းအရာများကို လုပ်ဆောင်နိုင်ရန်အတွက် ၎င်း၏ဝန်ထမ်းနှင့် အဆိုပါလုပ်ဆောင်ချက်များကို လုပ်ဆောင်နိုင်ရန် ကန်ထရိုက်ဖြင့် ငှားရမ်းထားသော လုပ်ငန်းရှင်များကို အခွင့်အာဏာ ပေးအပ်ပိုင်ခွင့်ရှိသည်။

ပြိုင်ပွဲကိုဝင်ရောက်ယှဉ်ပြိုင်ရန် တင်သွင်းသော ဗီဒီယို၏ ဉာဏပိုင်းဆိုင်ရာ မူပိုင်ခွင့်နှင့် ပိုင်ဆိုင်ခွင့်သည် ဗီဒီယိုဖန်တီးသူများသာ ပိုင်ဆိုင်ပြီး **CCI France Myanmar အနေဖြင့် အဆိုပါပိုင်ဆိုင်ခွင့်ကို မည်သို့သော အကြောင်းတစုံတရာကြောင့်မှ ရယူမည် မဟုတ်ပါ။**

## ၁၀.၃ - စောဒကများကို ဖြေရှင်းခြင်း

မူပိုင်ခွင့်ဆိုင်ရာများနှင့် ပတ်သတ်ပြီး ထိန်းသိမ်းကြပ်မတ်ရာတွင် CCI France Myanmar သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများကို လိုက်နာ အသုံးပြုထားပါသည်။ ယခု သတ်မှတ်ထားသော ပြိုင်ပွဲလုပ်ထုံးလုပ်နည်းသဘောတူညီချက်သည် မူပိုင်ခွင့်နှင့် ပတ်သတ်၍ ပြိုင်ပွဲဝင်နှင့် ပြိုင်ပွဲဖြစ်မြောက်ရေး စီစဉ်သူကြား အငြင်းပွားစရာ တစုံတရာကို ပြေလည်အောင် ဖြေရှင်းနိုင်ခဲ့ခြင်း မရှိသော် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တရားခွင်တွင် ဆုံးဖြတ်မှု ခံယူမည် ဖြစ်ပါသည်။

□ ကျွန်ုပ်သည် အထက်ဖော်ပြပါ ပြိုင်ပွဲလုပ်ထုံး လုပ်နည်း သဘောတူညီချက်ကို ဖတ်ရှု နားလည် သဘောပေါက်ပြီး သဘောတူကြောင်းကို အောက်တွင်လက်မှတ်ရေးထိုးပါသည်။

(နေရာ) တွင် (နေ့ရက်) ၌ လက်မှတ်ရေးထိုးပါသည်။

လက်မှတ်

အမည်

နိုင်ငံသားမှတ်ပုံတင်အမှတ်

လိပ်စာ

ဖုန်းနံပါတ်

Email လိပ်စာ

ယခုနောက်ဆုံးစာမျက်နှာကို ဖြည့်စွက်ရေးသွင်းလက်မှတ်ထိုးပြီး ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန်လျှောက်လွှာဖိုင်နှင့်အတူတကွ တင်သွင်းရမည်ဖြစ်သည်။